的细菌 / ရောဂါ ~ သည်။ 免疫。 II သ၊ <pyi:> 连接两个动作时用，表示"并"，"而"： မြို့ထဲသွား~ အဝတ်အစားဝယ်သည်။ 进城买衣服。

ပြီးကပစ် ကဝ၊ <pyi: g-byit> 随便，胡乱，草率： မုတ်ဆိတ်ကို ~ ရိတ်လဲပြီးတာပဲ။ 随便刮刮胡子就行了。

ပြီးကပျောက် ကဝ၊ <pyi: g-byaut> = ပြီးကပစ်

ပြီးကုံ က၊ <pyi: gon> (古)完满，圆满

ပြီးချော က၊ <pyi: gyaw:> 顺利完成

ပြီးငြိမ်း က၊ <pyi: nyein:> (困难、案件、问题等)已解决，完结，了结

ပြီးစလွယ် ကဝ၊ <pyi: z-lwe> 马马虎虎，草率： ~ ကောက်ချက်ချခဲ့တယ်။ 曾经草率地下了结论。/ မချောရင်ကသူ့အား ~ အတိုချုံး၍ပြောပြလိုက်သည်။ 玛乔英简略地告诉了他。/ အလုပ်ကို ~ မလုပ်နဲ့။ 别马虎从事。

ပြီးစီး က၊ <pyi: zi:> 完结，完成： အလုပ်တာဝန် ~ ယင်ဘယ်သွားမလဲ။ 完成任务后你到哪去?

ပြီးစီးပြည့်စုံ က၊ <pyi: zi: pyei' zon> 圆满，完满，完美： ဘယ်ကိစ္စမဆို ~ ပြီရယ်လို့မရှိနိုင်ပါဘူး။ 无论什么事都不是完美无缺的。/ ကျနော့်အတွက်တော့ဒီလောက်ဆိုယင်ပဲ ~ ပါပြီ။ 对我来说这样已经不错了。

ပြီးဆေး န၊ <pi: zei:> (迷信)能使人刀枪不入的药物

ပြီးဆုံး က၊ <pyi: hson:> 完结，了结： ထိုအမှုသည် ~ ပါပြီ။ 这个案子已经了结了。

ပြီးတော့ သ၊ <pyi: daw'> 而且，并且，之后： မြို့ထဲသွား ~ ရုပ်ရှင်ကြည့်တယ်။ 进城去看电影。/ ဒါ ~ ဘာလုပ်ရအုံးမလဲ။ 这完了还干什么?

ပြီးနောက် သ၊ <pyi: naut> 之后，以后： ထမင်းစား ~ လမ်းလျှောက်သွားတယ်။ 吃完饭后去散步。

ပြီးပြီ ပ၊ <pyi: byi> 表示动作已完成： စား ~ ။ 吃完了。/ အိပ် ~ ။ 睡过了。

ပြီးပြီးပျောက်ပျောက် ကဝ၊ <pyi: byi: pyaut pyaut> 事情过去就算了(不记在心上)： ဒီလူကတော့ ~ ပဲ။ 这个人吵过就完了，不记在心上。

ပြီးပြေ က၊ <pyi: pyei> 完成，解决

ပြီးပြည့်စုံ က၊ <pyi: pyi' zon / pyi: pyei' zon> 十全十美，完满： သို့ရာတွင်စကားပြေလေ့လာရာတွင်ထိုမျှဖြင့် ~ ပြီဟုမဆိုသာပါ။ 在研究白话文时，仅仅如此不能说已经十全十美了。

ပြီးပြတ် က၊ <pyi: pyat> 完结： ပညာဆည်းပူးခြင်းအလုပ်သည် ~ သည်ဟူ၍မရှိပါ။ 学习无止境。/ ဒီကိစ္စ ~ အောင်လုပ်ပြီးမှလာခဲ့မယ်နော်။ 这事办完后我就会来的。

ပြီးမြောက် က၊ <pyi: myaut> 完成，成功： ဤလမ်းကြီး ~ သောအခါ 这条公路修成之后…… / အဘိဓာန်လုပ်ငန်းကြီး ~ လို့အထူးဝမ်းသာပါသည်။ 词典工作完成了感到特别高兴。

ပြီးလွယ်စီးလွယ် ကဝ၊ <pyi: lwe zi: lwe> = ပြီးစလွယ်

ပြီးသား ပ၊ <pyi: dha:> (口)……完了，……过了： ချုပ် ~ အင်္ကျီတထည်လိုချင်တယ်။ 想要一件成衣。/ ဖတ် ~ စာအုပ် 读过的书 / ကြား ~ သတင်း 已听到过的消息 / ဒါကသင် ~ ပါ။ 这是已经学过的。

ပြီးသည့်နောက် သ၊ <pyi: dhi' naut> = ပြီးနောက်

ပြီးအေး က၊ <pyi: ei:> 完事，了事，平息： ဤအမှုသည် ~ သွားပြီ။ 这案子已经了结。

ပြု က၊ <pyu'> ①做，干，搞： ကျမ်း ~ သည်။ 著书立说。/ ရှင် ~ သည်။ 出家当和尚。/ ဝေဖန်ခြင်း ~ သည်။ 进行批评。②根据，依据： အဘယ် ~ ၍မယူခဲ့သနည်း။ 为什么不带来呢? ③照料，体贴： သူနာ ~ 护士 / မူးပြီးသတိလစ်နေလို့ ~ ရတာပေါ့။ 醉得不省人事，当然得照料。④(合)在口语中加于动词之后不表示任何特殊意义： ထမင်းစား ~ ပြီးမှသွားပါ။ 吃了饭再去吧! / မတော်လို့လိမ့် ~ ကျမှဖြင့်။ 万一摔下来……

ပြုကျင့် က၊ <pyu' kyin'> ①遵循： သားသမီးတို့ ~ အပ်သောဝတ္တရားငါးပါး 子女应遵循的五项义务 ②(以身、口、心)干，作 ③犯(罪)： သားမယား ~ သည်။ 强奸。

ပြုခင်းပြုဖွယ် န၊ <pyu' gin: pyu' bwe> ①要办的事： ရုံးကိစ္စအပြင်အိမ်မှုဆိုင်ရာ ~ များကိုလုပ်ရသေးသည်။ 除了办公事外，还要搞些家务事。②要办的案子

ပြုစား က၊ <pyu' za:> 用巫术害人： စုန်း ~ တယ်။ 巫婆用巫术害人。

ပြုစု က၊ <pyu' zu'> ①照料，照顾： လိုလေသေးမရှိအောင် ~ သည်။ 照料得很周到。/ ~ စောင့်ရှောက်သည်။ 照料。/ ~ ပျိုးထောင်သည်။ 培养。②制定；编著；编辑： ငါးနှစ်စီမံကိန်းကို ~ ခဲ့ရာတွင် 在制定五年计划过程中…… / ~ ရေးသားသည်။ 编著。

ပြုပြင် က၊ <pyu' byin> ①修改，改良，整顿： မြေဆီလွှာ ~ ရေး 改良土壤 / အတတ်ပညာ ~ ဆန်းသစ်ရေး 技术革新 ②改造，改变： သရုပ်ပျက်လူငယ်များကို ~ ပေးလျှင်လူကောင်းကလေးများဖြစ်နိုင်ပါသည်။ 不良青少年经改造可以变好。

ပြုပြင်ချက် န၊ <pyu' byin gyet> 更正；修正案

ပြုပြင်ပြောင်းလဲ က၊ <pyu' byin pyaun: le:> 改革；改造： ~ ရေးသမား 改良主义者

ပြုပြင်ရေးဂေဟာ န၊ <pyu' byin yei: gei ha> 教养所

ပြုပြင်ရေးသမား န၊ <pyu' byin yei: dh-ma:> 改革家；革新者

ပြုဖွယ်ကိစ္စ န၊ <pyu' bwe keit sa'> 要干的事情，工作： ~ ဟူသမျှကိုပြီးစီးအောင်ဆောင်ရွက်သည်။ 把一切该做的事情做完。

ပြုမူ က၊ <pyu' mu> 作；行动

ပြုလုပ် က၊ <pyu' lout> 干，做，制造